# ရခိုင်ပြည်နယ်၌ ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့မှ ကြေညာချက်များ၊ ပြောကြားချက်များအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

ရခိုင်ပြည်နယ်၌ ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့မှ ကြေညာချက်များ၊ ပြောကြားချက်များ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ဖြစ်စဉ်သည် အမှန်တကယ်အားဖြင့် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေး စခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုတို့ကို တစ်ပြိုင်တည်း အကွက်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နိုင်ငံအချို့နှင့်အဖွဲ့အစည်းအချို့မှ ARSA ၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားကြောင်း တွေ့ရှိရသည်။ ထိုအချိန်က တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များက ဒေသခံပြည်သူများကို ကာကွယ်ရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို ထိတွေ့ တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၅-၈-၂၀၁၇ ရက်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်သည် ARSA အကြမ်းဖက်အဖွဲ့က ကျူးလွန်ခဲ့ သည့် အကြမ်းဖက်မှုလုပ်ရပ်သာဖြစ်ပြီး အကြမ်းဖက်မှုလုပ်ရပ်များအားလုံးကို ရှုတ်ချသင့် ကြောင်း အလေးထားပြောကြားလိုသည်။

ထို့ပြင် “ရိုဟင်ဂျာ” ဟုဆိုသည့် အသုံးအနှုန်းသည် မည်သည့်မြန်မာ့သမိုင်းနှင့် ဥပဒေဆိုင်ရာ စာရွက်စာတမ်းများတွင် တွေ့ရှိရခြင်း မရှိကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သတိပေးလိုသည်။ ထို့ကြောင့် ယင်းအသုံးအနှုန်းကို ရည်ရွယ်ချက်ရှိရှိ သုံးနှုန်းကာ ယင်းဖြစ်စဉ်အပေါ် နိုင်ငံရေးသဘော သက်ရောက်စေရန် သတင်းထုတ်ပြန်ချက်များ၊ ပြောကြားချက်များ ပြုလုပ် နေခြင်းသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့အကြား နှစ်နိုင်ငံပူးတွဲအစီအစဉ်များနှင့်အညီ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို ဆောလျင်စွာ ကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများ အပေါ် အပြုသဘော ထောက်ပံ့ ကူညီရာရောက်မည် မဟုတ်ပါ။

မြန်မာအစိုးရအနေဖြင့် “မိုခါ” ဆိုင်ကလုန်းမုန်တိုင်းဒဏ် ထိခိုက်ခံစားခဲ့ရသည့် ရခိုင် ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက်လည်း လိုအပ်သည့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများကို မည်သူမျှချန်လှပ်မှုမရှိစေရေး ဟူသော မူဝါဒဖြင့် ပေးအပ်ခဲ့သည်။

မြန်မာအစိုးရသည် နေရပ်စွန့်ခွာသူများအား စိစစ်မှုများပြုလုပ်ပြီး အောင်မြင်စွာ ပြန်လည်လက်ခံရေးကို ဆောင်ရွက်နိုင်ရန် ဘင်္ဂလားဒေ့ရှ်၊ မိတ်ဆွေနိုင်ငံများ၊ မိတ်ဖက်များ နှင့် ပူးပေါင်းဆောင်ရွက်သွားရန်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့မှ ဖြစ်စဉ်၏ အခြေအနေမှန်နှင့် ဖြစ်ရပ်မှန် အချက်အလက်များကို အသိအမှတ်ပြုခြင်း မရှိဘဲ နိုင်ငံရေးသဘော

သက်ရောက်စေသည့် သတင်းထုတ်ပြန်ချက်များ၊ ပြောကြားချက်များ ပြုလုပ်ခဲ့ခြင်းကို ပြင်းထန်စွာ ပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်

**Myanmar's Response to the statements and remarks made by certain countries and international organizations with regard to the incident that took place in Rakhine State in August 2017**

The Ministry of Foreign Affairs has observed that certain countries and international organizations issued statements and made remarks on the incident that took place in Rakhine State in August 2017.

The Ministry recalls that, in fact, the incident was caused by the coordinated and synchronized attacks of the Arakan Rohingya Salvation Army - ARSA terrorist groups on 30 police outposts and a Regiment Headquarter. But certain countries and organizations have purposely neglected their brutal acts. At that time, the security forces, including Tatmadaw, were forced to to the attacks by the ARSA in accord with the rule of engagement, to maintain peace and stability in the area as well as to protect the local populace. Thus, the Ministry highlights that the incident that took place on 25 August 2017 was purely terrorist acts committed by ARSA and that terrorism in all its forms and manifestations should be condemned.

The Ministry stresses that the term "Rohingya" has not been found in any historical and legal documents of Myanmar. Thus, deliberately using such terms and issuing statements and remarks to politicize the incident would not give any constructive support to Myanmar's sincere efforts at early commencement of repatriation of verified displaced persons based on the bilateral arrangements between Myanmar and Bangladesh reached in 2017 and 2018 respectively.

In accordance with the principle of leaving no one behind, the Government of Myanmar delivered humanitarian assistance to needy people of all communities in Rakhine State in response to Cyclone Mocha.

The Government of Myanmar is committed to working with Bangladesh, friendly countries and partners to implement the successful repatriation of the displaced persons after conducting a verification process.

The Ministry of Foreign Affairs strongly rejects the politically motivated statements and remarks made by certain countries and international organizations without recognizing the root cause and the on-ground situation of the said incident.

Ministry of Foreign Affairs

Nay Pyi Taw

28 August 2023